
ခုနစ်စဉ်ကြယ်စာပေ
ဂမ္ဘီရလျှို့ဝှက်ဆန်းကြယ်ဝတ္ထု
ဆရာမနိုင်နှစ်ဆောင်ပြိုင်
ပန်းချီ
2007



ရွှေမိုး ... မြင်တွေ့လိုက်ရသည့် ကား ... ရှည်လျားစွာ ဖုံးအုပ်နေသော ဆံပင်ရှည်ကြီးများ အောက်မှ မျက်နှာတစ်ပြင်လုံး အဖြူအနီကွက်များ ၊ အဖုအပိမ့်ကြီးများ နှင့် မျက်လုံးတစ်လုံး မရှိဘဲ ဟောက်ပက်

ချိုင့်ကြီးဖြင့်

အခေါင်းကြီးထမ်းကာ သူ့ထံပြေးဝင်လာနေသည့်

မကောင်းဆိုးဝါး တစ္ဆေကောင်ကြီးကို ကြောက်ရွံ့ထိတ်လန့်စွာကြည့်ရင်း ...

## စာစု (၁)
## နှစ်ဆောင်ပြိုင်နိဒါန်း

တစ်ခြမ်းပဲ့လကလေးက ခဲပုပ်ရောင်တိမ်မည်းညိုတို့ အကြားတွင် ထွက်ချီဝင်ချီနှင့်၊ အလင်းပျော့မှိန်ပျပျ ကြယ်တချို့၏ မှုန်ဝါးဝါး အလင်းရောင်ယဲ့ယဲ့အောက်တွင် နတ်ချောင်းကြီးသင်္ချိုင်းအနီးမှ နှစ်ဆောင်ပြိုင် အိမ်အိုကြီးသည် မကောင်းဆိုးဝါး မိစ္ဆာတစ္ဆေကောင်ကြီးတစ်ကောင် ငုတ်တုတ်ငိုက်မြည်း နေသကဲ့သို့ တိတ်ဆိတ်စွာ အိပ်မောကျလျက် ရှိပါ၏ ။

ရံဖန်ရံခါ တိုက်ခိုက်လျက်ရှိသည့် သန်းခေါင်ယံညဥ့်လေရူးတွင် ကျိုးကျိုးကျည်ကျည် အော်မြည်သံများ တိုးတိုးညင်ညင် ညည်းညူသံကြီးများ နှင့် ညဥ့်သတ္တဝါငယ်များ ၏ တိုးဝှေ့ပြေးလွှားသံ၊ အစာလုမာန်ဖီသံကြီးများက ချောက်ချားဖွယ် စီးမျောပျော်ဝင်နေကြသည် ။ သုတ်ခနဲ ဖြတ်တိုက်သွားသည့် ညဥ့်လေရူးက ရွှေမိုးကို တိုးဝှေ့ဖြတ်ကျော် တိုက်ခတ်သွားသဖြင့် စိမ့်ခနဲ အေးစိမ့်သွားကာ ကြက်သီးမွေးညင်းများ ပင် ဖြန်းခနဲ ထသွားပါ၏။

"ဂီး"

တစ်ချိန်တည်းမှာ ပင် သူ၏ ဦးခေါင်းထက်မှ ဂီးခနဲ တစ်ချက်အော်ကာ ပျံသန်းသွားသည့် ငှက်စုန်းထိုးသံကြီးကြောင့် ရွှေမိုးခေါင်းမွေးများပင် ထောင်ထသွားလေသည် လား...၊ တစ်ဆက်တည်းပင်... ရွှေမိုးတစ်ယောက်တည်း မီးအုပ်ဆောင်းတစ်ခု၊ တုတ်တိုတစ်ချောင်းကို အဖော်ပြုကာ ဤကဲ့သို့သော သန်းခေါင်ယံလမိုက်ညမျိုးတွင် တဇွတ်ထိုးထွက်လာခဲ့သည် မှာ မှားသွားခဲ့လေပြီလားဟု တွေးထင်နေမိပါသည်။

"ဘုရား... ဘုရား.. ငွေမိုးကို အဖော်ခေါ်ခဲ့ရင် အကောင်းသား.. အမေ့ကို စိတ်မချလွန်းလို့ သာ အမေ့အနားမှာ ထားရစ်ခဲ့ရတာ"

ရွှေမိုးတစ်ယောက် အမှောင်ရိပ်များ သာ ကြီးစိုးမင်းမူနေသည့် နတ်ချောင်းကြီးသင်္ချိုင်းအနီး တွန့်ဆုတ်တွန့်ဆုတ်နှင့် လျှောက်လာခဲ့ရင်း သူ့ရှေ့ဆီမှ မကောင်းဆိုးဝါးတစ္ဆေကောင်ကြီးနှယ် ငုတ်တုတ်မည်းမည်းကြီး တည်ရှိနေသည့် နှစ်ဆောင်ပြိုင်အိမ်အိုကြီးကို ကြည့်ကာ ညည်းညူရေရွတ်လိုက်ပါ၏။

ဟုတ်သည် .. ရွှေမိုး ညည်းတွားထိတ်လန့်မည် ဆိုပါကလည်း ထိတ်လန့်စရာပင်။ အမှောင်ရိပ်များ သာ ကြီးစိုးမင်းမူလျက်ရှိသည့် ဤကဲ့သို့သော သန်းခေါင်ယံညဥ့်မျိုးတွင် နတ်ချောင်းကြီးသင်္ချိုင်းအနီးမှ နာမည်ကျော် နှစ်ဆောင်ပြိုင်အိမ်အိုကြီးဂန်းကျင်ဝယ် ညည်းညူဟစ်အော်သံများ ၊ လင်းဆွဲတောင်ပံခတ်သံများ ၊ ငှက်စုန်းထိုးသံများ နှင့် ကျိုးကျိုးကျည် အော်မြည်ထွက်ပေါ်လျက်ရှိသော အသံဗလံမျိုးစုံတို့ ကြောင့် သွေးပျက်ချောက်ချားဖွယ်အတိ ဖြစ်နေသည် မဟုတ်ပါလား။

စင်စစ် နတ်ချောင်းကြီးသင်္ချိုင်းအနီးရှိ နှစ်ဆောင်ပြိုင် အိမ်အိုကြီး၏ ဇာတ်ကြောင်းရာဇဝင်ကလည်း နှယ်နှယ်ရရ မဟုတ်ပါ။ ထင်ထင်မြင်မြ

င်ရှိသော နေ့လယ်ခင်းများ ပင် အဖော်အလော်မပါဘဲ မည်သူမျှ အကြောင်းမရှိဘဲ ဖြတ်သန်းသွားလာရဲခြင်း မရှိကြပါ။ အဘယ့်ကြောင့် ဆိုသော် နတ်ချောင်းကြီးသင်္ချိုင်း တစပြင်နှင့် နီးကပ်လျက်ရှိခြင်း၊ ညဘက် အချိန်မတော်များ တွင် နှစ်ဆောင်ပြိုင်အိမ်ကြီးပေါ်မှ ညည်းညူငိုယိုသံကြီးများ ၊ ခြေသံကြီးများ ၊ တောက်ခေါက်သံများ နှင့် တစ်ခါတစ်ရံတွင် ဆံပင်ဖားလျားနှင့် အရိပ်မည်းကြီးများ သွားလာလှုပ်ရှားနေကြသည်ကို တွေ့မြင်ကြားသိနေကြရသဖြင့် ထိုနှစ်ဆောင်ပြိုင်အိမ်အိုကြီးအနီးသို့ မည်သူမျှ သွားလာဝံ့ခြင်း မရှိခဲ့ကြခြင်းပင်တည်း။

ထိုမျှသာမကသေး နှစ်ဆောင်ပြိုင်အိမ်ကြီးအနီးမှ အကြောင်းအမျိုးမျိုးဖြင့် ဖြတ်သန်းသွားလာနေကြရသော ခရီးသွားများ နှင့် အမဲသားငါးဈေးသည် များ ဆိုလျှင် နှစ်ဆောင်ပြိုင် အရိပ်မည်း တစ္ဆေကောင်ကြီး၏ ဆွဲငင်ခြောက်လှန့်ခြင်းများကိုပင် ခံကြရသည် ဟု ဆိုကြသည် ။

ထိုနှစ်ဆောင်ပြိုင်အိမ်ကြီး တည်ရှိရာ နတ်ချောင်းကြီးသင်္ချိုင်းဘုရားကြီး ဘုရားလေး စသော ရွာကြီးများမှ ရှေ့မှီနောက်မှီ အဘိုးအဘွားများ ၏ ပြောစကားများ အရဆိုလျှင် နှစ်ဆောင်ပြိုင်အိမ်ကြီးရှင် သူဌေးလင်မယားနှစ်ယောက်စလုံး မည်သည့်အကြောင်းကြောင့်ဟု မသိဘဲ ယင်းနှစ်ဆောင်ပြိုင် အိမ်ကြီးပေါ်မှာ ပင် တစ်ချိန်တည်း သေဆုံးသွားခဲ့ကြသည် ဟု သိရသည် ။ ထိုသူဌေးလင်မယားမှာ ဤနှစ်ဆောင်ပြိုင်အိမ်ကြီးတွင် ကျန်ရစ်ခဲ့သော ဥစ္စာပစ္စည်းများကို စွဲလမ်းခဲ့ရာမှ မကျွတ်မလွတ်ရှိနေကြခြင်းဟု လည်း ပြောဆိုခဲ့ကြသေးသည် မဟုတ်ပါလော။

မည်သို့ပင်ဖြစ်စေ နှစ်ဆောင်ပြိုင်အိမ်ကြီး၏ လက်ရှိပစ္စက္ခ တွေ့မြင်နေရသော မြင်ကွင်းသည် လည်း မည်သို့မျှ နှစ်လိုဖွယ်ရာမရှိ၊ ချုံနွယ်ပိ

တ်ပေါင်းများက နှစ်ဆောင်ပြိုင်အိမ်ကြီး၏ အိမ်ရှေ့မျက်နှာစာတစ်ခြမ်းကို ဝါးမျိုလွှမ်းမိုးထားသကဲ့သို့ ဖုံးဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အိမ်နောက်ခြမ်းမှာ လည်း အပျက်အစီးများ နှင့် မြေကြွက်ကြီးများကြောင့် မည်သူမျှ ဖြတ်သန်းသွားလာဝံ့ခြင်း မရှိကြသည် မှာ မဆန်းလှပါ။

သည် ကြားထဲ ခေတ်ကာလအဆက်ဆက် နတ်ချောင်းကြီးစွာ ဘုရားကြီးရွာနှင့် ဘုရားလေးရွာမှ ရွာသူရွာသားများ နောက်ဆုံးခေါင်းချရာ နတ်ချောင်းကြီး သင်္ချိုင်းကြီးကလည်း အုတ်ဂူမှတ်တိုင်မြေပုံများ နှင့် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လျက်ရှိခြင်းကြောင့် လူသူစွန့်ပစ်ထားရာ ဖုန်းဆိုးကျပ်တည်းမြေရိုင်းတစ်ခုကဲ့သို့ အရိုင်းမြေဆန်လာခဲ့သည် ။ မြေရိုင်းလို့ .. လူရှောင်.. လူရှောင်၍ မြေရိုင်းဆိုသည့်နှယ် သံသရာလည်ကာ နောက်ဆုံး နတ်ချောင်းကြီးသင်္ချိုင်းမြေနှင့် နှစ်ဆောင်ပြိုင်အိမ်အိုကြီးတို့ တည်ရှိရာနယ်မြေသည် ပို၍ ပင် သွေးပျက်ချောက်ချားဖွယ်ရာ ကျပ်ကုန်းမြေရိုင်းမြေကြမ်း စစ်စစ်အဖြစ် ရှင်သန်ကြီးပြင်းလာခဲ့ရပါတော့သည် ။

ဤသို့ ဤနှယ် နာမည်ဆိုးများ နှင့် ကျော်ကြားလျက်ရှိသော နတ်ချောင်းကြီးသင်္ချိုင်းနှင့် နှစ်ဆောင်ပြန်အိမ်အိုကြီးအနီးမှ ညဥ့်နက်သန်းခေါင်အချိန်မတော်ကြီးတွင် အဖော်မပါ တစ်ကိုယ်တည်း ဖြတ်ကျော်သွားလာနေရသည့် ရွှေမိုး၏ ရင်ထဲဝယ် ကြောက်စိတ်များကသာ တရိပ်ရိပ် ကြီးစိုးမင်းမူလာခဲ့ပါချေပြီကော..။

တကယ်တော့ ရွှေမိုးခမျာ မုဆိုးမမိခင်ကြီး အသည်းအသန် ဖျားနာနေ၍ သာ ညီဖြစ်သူ ငွေမိုးကို ထားခဲ့ကာ ဘုရားလေးရွာမှ ဗိန္ဓောဆရာကြီး ဦးဘိုးဟန်အား သွားရောက်ပင့်ခေါ်ခြင်း ဖြစ်သည် ။ ယ

ခုတော့ ညဥ့်နက်သန်းခေါင် မိုးမှောင်မှောင် ရင်ခွင်ထဲမှ နတ်ချောင်းကြီး သင်္ချိုင်းကြီးနှင့် နာမည်ကျော် နှစ်ဆောင်ပြိုင်အိမ်အိုကြီးရှေ့တွင် ရွှေမိုး တစ်ယောက် ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက် ဖြစ်နေရပါချေပြီ တည်း။

ထိုအချိန်တွင် နှစ်ဆောင်ပြိုင်အိမ်အိုကြီးဆီမှ ခွေးအူသံကြီးကလည်း သွေးပျက်ချောက်ချားဖွယ်ရာ ထွက်ပေါ်လာသဖြင့် ရွှေမိုးခမျာ မီးအုပ် ဆောင်းနှင့် တုတ်တိုတစ်ချောင်းကိုင်လျက် ဟိုဟိုသည် သည် ကြည့်ကာ သွေးပျက်စ ပြုလာပါသည် ။

"အူ... ဝူး... ဝူး... ဝူး... အူး... အူး..."

တစ်ခြမ်းပဲ့လကလေး၏ မှုန်ပျပျ လရောင်မွဲမွဲအောက်မှ မကောင်း ဆိုးဝါး မိစ္ဆာကြီးတစ်ကောင်နှယ် အပေါ်မှ စီးမိုး၍ ကြည့်နေသည့် နှစ် ဆောင်ပြိုင်အိမ်ကြီးနှင့် သူ၏ ရဲဘော်ရဲဘက် တစ္ဆေကောင်များ ၏ အော် ဟစ်မြည်ကြွေးသံများက ရွှေမိုး၏ သတ္တိသွေးနှင့် မိုက်သွေးများကို တစ် စက်ချင်း ဖောက်ထုတ်ယူ နေသကဲ့သို့ ...။

ဂေါင်.. ကလွမ်.. ဂေါင်..."

သည် ကြားထဲ မသိသား ဆိုးဝါးနိုင်လှသော ခြေထောက်က ချုံစပ်မှ အရိုးခေါင်းဖြူကြီးတစ်ခုကို ဝင်ရောက်တိုက်မိလိုက်ပြန်သည် ။

"အ.. ဘာ.. ဘာကြီးလဲဟ"

သန်းခေါင်ယံညဥ့်၏ လရောင်မှုန်တိမှုန်ဝါးအောက်တွင် သူ့အား သွားကြီးများ ဖြဲကာ မော့ကြည့်နေသည့် အရိုးခေါင်းဖြူဖြူကြီးကို ရုတ် တရက် တွေ့မြင်လိုက်ရသဖြင့် ရွှေမိုးခမျာ လန့်ဖြန့်၍ ပင် ဟစ်အော်လို က်မိသည် ။

"ဟာ.. အား"

"ဝုန်း.. ဘရော"

ထိုအချိန်မှာ ပင် နှစ်ဆောင်ပြိုင် ခြံတံတိုင်းပျက်ကြီး၏ ချုံနွယ်ပိတ်ပေါင်းများကြားမှ အရိပ်မည်းကြီးတစ်ခု ရွှေမိုးရှေ့သို့ ဝုန်းခနဲ ပြုတ်ကျလာသည်။

"ဟာ..."

"ဟီး.. ဟီး.. ဟား... ဟား.. ဟိုး.. ဟိုး... ဟီး..."

ရုတ်တရက်မို့ ရွှေမိုးခမျာ လိပ်ပြာများ ပင် လွင့်စဉ်မတတ် ကြောက်လန့်တုန်လှုပ်စွာ ဟစ်အော်လိုက်ရင်း မျက်လုံးများ ပင် ပြူးကျယ်သွားသည် ။ ရွှေမိုး မြင်တွေ့လိုက်ရသည် ကား.. ရှည်လျားစွာ လွင့်ပျံ့ဝဲကျနေသော ဆံပင်ရှည်ကြီးများ အောက်မှ မျက်နှာတစ်ပြင်လုံး အဖြူ အနီကွက်များ ၊ အဖုအပိမ့်ကြီးများ နှင့် မျက်လုံးတစ်လုံး ပေါက်ပက်ချိုင့်ကြီးဖြင့် လက်ကားရား ခြေကားရား သူ့ထံတိုးဝင်လာနေသည့် မကောင်းဆိုးဝါးတစ္ဆေကောင်ကြီးကို အံ့သြထိတ်လန့်စွာ ကြည့်ရင်း သတိလစ် မေ့မြောသွားပါလေတော့သည် ...။

******

# စာစု (၂)

# နှစ်ဆောင်ပြိုင်တစ္ဆေမှတ်တမ်း (၁)

နေဝင်လုပြီ...။

ခပ်ဖွဲဖွဲရွာနေသော မိုးစက်မိုးပေါက်များ အောက်တွင် ရေနံ့ချေးများဖြင့် ဝအီနေသော နှစ်ဆောင်ပြိုင်အိမ်ကြီးကို ခပ်ဝါးဝါးမျှသာ တွေ့မြင်နေရပါ၏။ သည် ကြားထဲ ခပ်ကြမ်းကြမ်းတိုက်ခတ်လျက်ရှိသော လေသရမ်းတို့ ၏ တိုးဝှေ့ကျီစယ်မှုကြောင့် နှစ်ဆောင်ပြိုင်အိမ်အိုကြီး၏ ဂန်းကျင်ရှိ သစ်ပင်ကြီးများမှ ထွက်ပေါ်လာသော တဝေါဝေါ တဖြောဖြောလေတိုးသံကြီးများက မကောင်းဆိုးဝါးကောင်ကြီးများ သံပြိုင်အော်ဟစ်ညည်းညူနေကြသည် သို့...။

ကောင်းကင်ပြင်တစ်ခုလုံး မှိုင်းညို့မည်းမှောင်နေသည့် ခဲပုပ်ရောင်တိမ်စိုင်များက မိုးသက်လေနှင်ရာသို့ တရွေ့ရွေ့ ခရီးနှင်နေကြသည် ။ လျှပ်စီးများ တဝင်းဝင်း၊ မိုးခြိမ်းသံတဒိန်းဒိန်းနှင့် မာန်စောင်ပစ်ခွင်းနေသဖြင့် သည့်ထက်ပို၍ မိုးသည်းရန်ပင် ဟန်ပြင်နေလေသည် ထင့်...။

စပါးပွဲစားလေး မောင်ရေအေးနှင့် တပည့်ကျော်စောထူးတို့ မှာ နှစ်ဆောင်ပြိုင် အိမ်အိုကြီးရှေ့တွင် မြင်းကိုယ်စီနှင့် မိုးခိုနေကြသည် ။ သို့သော် သူတို့ မိုးခိုနေရာ ကုက္ကိုပင်ကြီးအောက်တွင် ရေရှည်နေ၍ မဖြစ်နိုင်မှန်း သိကြသဖြင့် သင့်တော်မည့်နေရာတစ်နေရာကို ရှာဖွေနေကြပါ၏

။ တဖွဲဖွဲရွာသွန်းလျက်ရှိသော မိုးကြောင့် မကြာမီ အမှောင်ထုသည် စောစီးစွာ နေရာယူလာတော့မည်ဖြစ်ကြောင်း မောင်ရေအေး သိသည် ။

ယခုပင် အမှောင်နှင့်အလင်းသည် စီးချင်းထိုးလျက် ရှိနေပါပြီ။ အလင်းရောင်က ရှင်းရှင်းပြတ်ပြတ် ဆုတ်ခွာမသွားသေးသလို အမှောင်ကလည်း သိသိသာသာ အနိုင်မယူနိုင်သေးပါ။ သည် ကြားထဲ တဖွဲဖွဲ ရွာသွန်းလျက်ရှိသော ကိုရွှေမိုးက ခပ်သဲသဲရွာချလျက် အမှောင်ထုကို စစ်ကူပေးနေသကဲ့သို့ ရှိနေသဖြင့် ဂန်းကျင်တွင် အမှောင်ရိပ်တို့ က တစ်စတစ်စ ကြီးစိုးမင်းမူလာခဲ့ပါလေ၏။

"ကဲ... ဆရာ စဉ်းစားမနေနဲ့ တော့ ဒီမိုးနဲ့ ကတော့ ဘယ်လိုမှ ရှေ့ဆက်သွားလို့ မဖြစ်တော့ဘူး၊ ဒီတော့ ဟောဒီ နှစ်ဆောင်ပြိုင် အိမ်ကြီးရှင်တွေကို ခွင့်တောင်းပြီး ဒီမှာ တစ်ညအိပ်လောက် တည်းခိုခွင့်ပေးဖို့ ပြောရတော့မှာ ပဲ"

တပည့်ကျော်စောထူးက မြင်းညိုကြီး၏ ဇက်ကြိုးကို ပြင်ကိုင်ရင်း စိတ်မရှည်စွာ ပြောဆိုလိုက်သည် ။

"ဟ.. နေပါဦး စောထူးရဲ့ သိပ်ပြီးလည်း ဆန္ဒမစောပါနဲ့ ကွာ ဟောဒီမင်း မိုးခိုရင်း တစ်ညဝင်ပြီး အိပ်မယ့် နှစ်ဆောင်ပြိုင်အိမ်ကြီးက သရဲသိပ်ခြောက်တယ်ဆိုပြီး နာမည်ကြီးနေတဲ့ အိမ်ကြီးလို့ ပြောသံကြားဖူးတယ်ကွယ့်"

"အို.. ခြောက်စမ်းပါစေ ဆရာရယ်၊ မိုးရွာကြီးထဲမှာ တစ်ညလုံး နေရတာထက်စာရင် သရဲအခြောက်ခံတာကမှ အပျင်းပြေဦးမယ်.. ဟင်း.. ဟင်း"

မောင်ရေအေး၏ တပည့်ကျော်စောထူးက ခရစ်ယာန်ဘာသာဝင် တစ်ယောက်ဖြစ်သည် ။ အသက်အရွယ်ကလည်း နှစ်ဆယ်ကျော်ခန့်၊ ဂင်

တိုတို၊ ခပ်တောင့်တောင့်။ တွေ့ရာကြုံရာ ဘုရားပွဲတွေမှာ မြန်မာ့ရိုးရာလက်ဝှေ့ပွဲများကို နယ်မရှောင် လူမရွေး ထိုးသတ်လေ့ရှိသူတစ်ယောက်ဖြစ်ပါ၏။

မောင်ရင်အေး၏ လုပ်ငန်းကလည်း တောနယ်ကျေးလက်များ အထိခြေဆန့်သွားလာရသဖြင့် နယ်မြေစိမ်းစိမ်း၊ လူစိမ်းစိမ်းတို့ ကြားတွင် ယခုကဲ့သို့သော တပည့်လက်သားမျိုးကို လူယုံမွေးထားနိုင်မှ တော်ကာကျသည် မဟုတ်ပါလား။ မောင်ရေအေးကိုယ်တိုင်ကလည်း အဘိုးဖြစ်သူသိုင်းဆရာကြီး ဦးဒီပ၏ ဓားရေး၊ သိုင်းရေးပညာရပ်များကို တတ်ကျွမ်းစွာ အမွေဆက်ခံခွင့် ရခဲ့သဖြင့် ယခုကဲ့သို့ စပါးပွဲစားလုပ်ငန်းနှင့် အသက်မွေးဝမ်း ကျောင်းနေရစဉ်အတွင်း အလျဉ်းသင့်ခဲ့ပါလေ၏။

စောထူးပြောသကဲ့သို့ပင် မောင်ရေအေး တွေဝေနေချိန်မရပါလေတော့ ခပ်ဖွဲဖွဲမှုန်ရွာနေသော မိုးကလည်း စဲမသွားသည့်အပြင် ပို၍ ပင် သည်းလာသယောင်နှင့် မိုးသက်လေကပါ ခပ်ကြမ်းကြမ်း တိုက်ခတ်လျက်ရှိပါချေပြီကော။ ဤသို့ဖြင့် နှစ်ယောက်သား မြင်းများ ပေါ်မှ ဆင်းကာချုံနွယ်များ ရစ်ဆိုင်းနေသည့် ခြံတံခါးကြီးကို တွန်းဖွင့်ကာ နှစ်ဆောင်ပြိုင်အိမ်ကြီးရှိရာသို့ လျှောက်လှမ်းလာခဲ့ကြသည် ။

"အိမ်ရှင်တို့ .. အိမ်ရှင်တို့ ..."

"ဒုံး... ဒုံး... ဒုံး... ဒုံး..."

မောင်ရေအေးမှာ မြင်းနှစ်ကောင်ကို စောထူးလက်သို့ လွှဲကာ အိမ်ရှေ့တံခါးမကြီးကို ခပ်သာသာထုရိုက်ရင်း အိမ်ကြီးရှင်များကို ဟစ်အော်ခေါ်ငင်လိုက်သည် ။ သူ၏ ခေါ်သံမှာ မိုးသံလေသံအောက်တွင် မသဲမကွဲနှင့်...။

"အိမ်ရှင်တို့ .. အိမ်ရှင်တို့ တစ်ဆိတ်လောက် တံခါးဖွင့်ပါဦး"

"ဒုံး… ဒုံး… ဒုံး… ဒုံး…"

"ဟင်း… ဟီး… ဟီး.. အီး.. အင်း… ဟင်း… ဟင်း…"

"ရှပ်… ရှပ်… ရှပ်… ရှပ်…"

ရုတ်တရက် နှစ်ဆောင်ပြိုင်အိမ်ကြီး၏ အပေါ်ထပ်ဆီမှ လိုလို၊ အတွင်းခန်းများ ဘက်ဆီမှ လိုလို ညည်းညူသံကြီးတစ်ချက် ကြားလိုက်ရပြီး တစ်ဆက်တည်းမှာ ပင် တံခါးပေါက်သို့ လျှောက်လာသော ခြေသံအချို့ကို တရှပ်ရှပ်နှင့် ကြားလိုက်ရသည် ။

"ဟော.. ဟော.. ဘာသံကြီးတွေလဲ ဆရာ၊ လူညည်းသံကြီးနဲ့ တူတယ်"

စောထူးက မြင်းကြီးနှစ်ကောင်ကို မိုးလွတ်ရာ ဆင်ဝင်အောက်တွင် ချည်နှောင်နေရာမှ ထူးထူးခြားခြား ကြားလိုက်ရသည့် လူညည်းသံလိုလို အသံကြီးကြောင့် ထိတ်ခနဲ ဖြစ်သွားသည် ။

"နေဦးကွ၊ ကြည့်ရတာ ဒီအိမ်ကြီးမှာ လူတောင်ရှိပုံမပေါ်ဘူးကွယ့်။ ညည်းညူသံကြီးနဲ့ တရှပ်ရှပ်ခြေသံတွေလည်း ကြားလိုက်ရတယ်။ အိမ်ပျက်ကြီးပေါ်က ခိုတွေ ညည်းသံလား.. မြွေကြွက်ကြီးတွေ ပြေးလွှားသံလားဆိုတာ မသဲကွဲဘူး စောထူးရေ…"

ထိုအချိန်မှာ ပင် ကောင်းကင်တစ်ပြင်လုံးရှိ မိုးသားတိမ်လိပ်တို့ သည် ကြောက်ခမန်းလိလိ ပြိုကျတော့မည့်ပမာ မှ ိုင်းညို့မည်းမှောင်လာပြီး စောစောပိုင်းကတည်းက သဲသဲမဲမဲရွာချရန် မာန်ပြင်နေသည့်မိုးက မိုးသက်လေပြင်းကြမ်းကိုပါ ထပ်ဆင့်ခေါ်လာခဲ့သည် ။

လျှပ်စီးများ တဖင်းဖင်း တလက်လက်ပြက်နေသည့်အပြင် မိုးခြိမ်းသံ တဒိန်းဒိန်း တခြိမ်းခြိမ်းဖြင့် ထစ်ချုန်းမြည်ဟည်းကာ သဲသဲမဲမဲ ရွာချ

လာပါတော့သည်။

"ဒိန်း.. ခြိမ်း.. ဂျလိန်း"

ထိုအခိုက် ကျယ်လောင်စွာ ထစ်ချုန်းလိုက်သော မိုးခြိမ်းသံ၊ လျှပ်စီး ပျက်သံအောက်တွင် အိမ်ကြီး၏ မှန်တံခါးအတွင်းမှ လူရိပ်သဏ္ဍာန်တစ်ခုကို စောထူးက ဖျတ်ခနဲ မြင်လိုက်သည်။

"ဟာ.. ဟို.. ဟိုပြတင်းဂမှာ လူ... လူ... လူ..."

စောထူး၏ အလန့်တကြား အော်ဟစ်သံကြောင့် မောင်ရေအေး အိမ်ကြီးပြတင်းပေါက်မှန်တံခါးကို လှမ်းကြည့်လိုက်တော့ ဘာတစ်ခုမျှ မရှိ။ လှုပ်ရှားမှုဟူ၍ လေသရမ်းတိုက်ခတ်မှုကြောင့် ဟိုသည် ယိမ်းထိုး လှုပ်ရှားနေသည့် သစ်ပင်ရိပ်မည်းမည်းကြီးများကိုသာ တွေ့မြင်နေရပါ၏။

"ဘယ်ကလာ လူရိပ်ရမှာ လဲ စောထူးရယ်၊ ဘာလဲ ဒဟတ်ကုန်းမှာ သောက်လာခဲ့တဲ့ အရက်က အရှိန်မပြေသေးဘူးထင်တယ်၊ လေတိုက်လို့ သစ်ပင်ရိပ်တွေ ယမ်းခါနေကြတာပါ စောထူးရဲ့ ၊ မင်းမယုံရင် ကြည့်လိုက်ပါလား"

မောင်ရေအေး၏ စကားကြောင့် သူ စောစောက မြင်လိုက်ရသော မှန်ပြတင်းပေါက်ကို သေချာစွာ ကြည့်လိုက်သည်။ ဟုတ်သည် လျှပ်စီးတစ်ချက်အလက်တွင် သူမြင်တွေ့လိုက်ရသော လူရိပ်က ထိုနေရာတွင် မရှိပါလေတော့။

"မဟုတ်သေးပါဘူး၊ စောစောကလေးတင် မှန်ပြတင်းမှာ သေသေချာချာ မြင်လိုက်တဲ့ ဟာကို"

ထိုအခိုက်မှာ ပင် စိတ်မရှည်နိုင်တော့ပြီဖြစ်သော မောင်ရေအေးက

နှစ်ဆောင်ပြိုင်အိမ်ကြီး၏ ကျွန်းတံခါးကြီးကို တွန်းထိုးဖွင့်လိုက်သည် တွင် ...

"ကျွိ... ကျွိ.. ကျွိ... ကျွိ..."

ဆီနှင့် နှစ်အတန်ကြာမျှ ကင်းဝေးနေဟန်တူသည့် ကျွန်းတံခါးမည်း မည်းကြီးက တကျွိကျွိဖြင့် သံစုံမြည်သံပေးလျက် ပွင့်ဟသွားပါလေ တော့သည် ။

"သေချာတယ် စောထူးရေ၊ အိမ်ရှင်မပြောနဲ့ ခြံစောင့်တောင် ရှိပုံမ ပေါ်ဘူးဟ၊ ကိုင်း.. မြင်းပေါ်က ယူစရာရှိတဲ့ ပစ္စည်းတွေယူပြီး အိမ်ကြီး ထဲကို ဝင်ကြစို့"

ထို့နောက်မှာ တော့ မောင်ရေအေးတစ်ယောက် သူ၏ ကြီးမားသော စစ်လွယ်အိတ်ကြီးထဲမှ အာလာဒင်မီးအိမ်တစ်လုံး၊ သုံးတောင့်ထိုး လက် နှိပ်ဓာတ်မီးတစ်လက်၊ စောင်ပိုင်းတစ်ထည်နှင့် လိုရမယ်ရ မြင်းကုန်းနှီး ဘေးတွင် ချည်တုပ်ထားသော ဆောင်ဓားကြီးကိုပါ ယူဆောင်၍ အိမ်ကြီးအတွင်းသို့ ဝင်လာခဲ့ပါတော့သည် ။

မောင်ရေအေးနည်းတူပင် တပည့်ကျော် စောထူးကလည်း သူ၏ ဂေါ် ရခါးဓားကောက်ကြီးကို ခါးတွင် ချိတ်၍ လွယ်အိတ်ကြီးတစ်လုံးကို လွ ယ်ကာ သူ၏ ဆရာနောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့ပါ၏။ အပြ င်မှာ တော့ ဝါဆိုမိုးက အငြိုးကြီးကြီး သဲသဲမဲမဲ ရွာသွန်းချလျက်ပင် ရှိနေ ဆဲပါတည်း။

******



အကယ်၍ သာ ...

စောထူး တွေးထင်ထားသလို အိပ်မက်ထဲမှာ မဟုတ်ဘဲ အမှန်တကယ်ပင် နှစ်ဆောင်ပြိုင် တစ္ဆေကောင်ကြီးနှင့် မောင်ရေအေးတို့ နှစ်ယောက်

နှစ်ဆောင်ပြိုင်အိမ်ကြီးအတွင်းဝယ်

သူသေကိုယ်သေတိုက်ပွဲ ဝင်ခဲ့ရကြောင်းသာ သိရှိလိုက်ရမည်ဆိုပါလျှင် ...

## စာစု (၃)

မောင်ရေအေးက အာလာဒင်မီးအိမ်လေးကို မီးထွန်းညှိလိုက်သဖြင့် နှစ်ဆောင်ပြိုင်အိမ်ကြီးထဲတွင် အတန်အသင့်မျှ လင်းချင်းသွားသည် ။ လူမနေသည် မှာ နှစ်ကာလအတန်ပင် ကြာခဲ့သည် ထင့် ပင့်ကူမျှင်တန်းများ ဖုန်မှုန့်၊ ကြွက်ချေးများ နှင့် လင်းနို့ချေးများက နေရာအနံ့တွင် နေရာယူထားသဖြင့် ညှီစို့စို့ ပုပ်အက်အက်အနံ့ဆိုးကြီးများက အိမ်ခန်းတွင်းဂယ် ကြီးစိုးမင်းမူလျက်ရှိပါ၏။

"ဟင်း.. အနံ့ကြီးကလည်း ဆိုးလိုက်ပါဘိ ဆရာရယ်၊ ညှီစို့စို့ ပုပ်အက်အက်နဲ့ အန်တောင်အန်ချင်တယ်... ထွီ..."

"ကိုင်း... လာ... လာ.. စောထူး နည်းနည်းပါးပါး အနံ့အသက်ကင်းတဲ့ အခန်းကို ရှာပြီး အိပ်ကြရအောင်"

ထို့နောက် မောင်ရေအေးမှာ အာလာဒင်လက်ဆွဲမီးအိမ်ကြီးကို မီးစာမြှင့်ကာ နှစ်ဆောင်ပြိုင်အိမ်ကြီး၏ အခန်းများအား လိုက်လံကြည့်ရှုနေပါတော့သည် ။ နှစ်ဆောင်ပြိုင်အိမ်ကြီး၏ အိမ်ရှေ့တစ်ခြမ်းသည် အပျက်အစီးမရှိ နောက်ဘေးဆောင်ဘက်တွင် မူ စက်သေနတ်ဒဏ်၊ ဗုံးဒဏ်မိထားသည် ထင့်၊ အတန်ငယ်ပြိုကျ ပျက်စီးနေသည် ကို တွေ့မြင်လိုက်ရသည် ။

"အင်း.. အိမ်ရှေ့ခန်းရယ်၊ ဘုရားခန်းရယ်၊ အိပ်ခန်းကျယ်ကြီး တစ်ခန်းရယ်ကတော့ သိပ်အပျက်အစီးမရှိဘူး။ စိတ်မချရတာက နောက်ဖေးခန်းတွေပဲ မုံးဒဏ်ကြောင့် တချို့ဆို ပြုတ်ပြိုကျလုတဲတဲလေးပဲ ရှိတော့တယ် စောလူးရေ"

"ဒါဆို အဆင်ပြေတာပေါ့ ဆရာရယ်၊ ဟောဒီထမင်းစား စားပွဲကို ရှင်းလိုက်မယ်၊ ပြီးရင် ကျွန်တော့်လွယ်အိတ်ထဲမှာ ဆရာ့အကြိုက် အိုးဘရန်ဒီတစ်ပုလင်း ကျန်သေးတယ်။ အချမ်းပြေ နည်းနည်းလောက် ချလိုက်ကြတာပေါ့ ဆရာ"

စောထူးက ကရင်လူမျိုးတစ်ယောက်ပီပီ ပွင့်လင်းရိုးသားသည် ။ သတ္တိဗျတ္တိလည်း ရှိသည် ။ မောင်ရေအေးကို ဆရာရင်း၊ အစ်ကိုရင်းတစ်ယောက်ကဲ့သို့ လေးစားချင်ခင်သည် ။ လူငယ်တစ်ယောက်မို့ သွက်လက်ချက်လတ်သည့်အပြင် လွန်စွာမှ လည်း အလိုက်သိတတ်သူတစ်ယောက်ဖြစ်သည် ။

ယခုပင် သူ၏ လုံချည်စုတ်တစ်ထည်နှင့် ထမင်းစားပွဲဝိုင်းကြီးကို ဖုန်ခါ ရှင်းလင်းခြင်း၊ အခန်းထောင့်ရှိ ခုတင်ကို ရှင်းကာ သူ၏ ဆရာ မောင်ရေအေးအတွက် အဆင်သင့် အိပ်စက်နိုင်ရန် စောင်ပိုင်းတစ်ထည်ကို သပ်ရပ်စွာ ခင်းကျင်းပေးနေပါ၏။ ပြီးမှ ခုတင်နှင့် မလှမ်းမကမ်းရှိ ကြမ်းပြင်ထက်တွင် သူအိပ်စက်ရန် ရှင်းလင်းနေရာချလိုက်ပါသည် ။

အားလုံးပြီးစီးသွားမှ စားပွဲဝိုင်းတွင် သူ့ဆရာနှင့် သူ့အတွက် အရက်အဆင်သင့် သောက်နိုင်ရန် စီစဉ်နေပါ၏။

"နေပါဦးကွ စောထူးရဲ့ ၊ မင်းဟာက သူရဲခြောက်ပါတယ်ဆိုတဲ့ အိမ်ကြီးထဲ လာပြီး မိုးခိုတာနဲ့ မတူဘဲ ပျော်ပွဲစားထွက်သလိုကြီး ဖြစ်နေပြီ ဟင်း.. ဟင်း"

" မဟုတ်ဘူး ဆရာရဲ့ မိုးကလည်း မိထား၊ ခရီးကလည်း ပန်း၊ နောက်ပြီး ဟို.. ဟို.. ဆရာပြော ပြောထားတဲ့ တစ္ဆေ သူရဲတွေ လာခဲ့ရင်လည်း နပန်းလုံးသင့်ရင် လုံးရအောင် ရဲ.. ရဲဆေးတင်ထားတဲ့ သဘောပါ ဆရာရယ် ဟင်း.. ဟင်း.. ဟင်း..."

စောထူးက ပြောရင်းဆိုရင်းမှာ ပင် အိုးဘရန်ဒီပုလင်းကို ဖောက်ကာ သူ၏ ဆရာခွက်ထဲသို့ နှစ်ပတ်ခန့် လောင်းထည့်ပေးပြီးမှ သူ့အတွက် ထပ်၍ ငှဲ့ထည့်လိုက်သည် ။

အင်း.. မင်းဆင်ခြေနဲ့ မင်းတော့ ဟုတ်နေတာပဲ စောထူးရေ ကိုင်း.. ကိုင်း.. သောက်လည်း သောက် မူးလည်း မမူးစေနဲ့ ကွယ့်။ နယ်မြေစိမ်းဆိုတော့ သတိဝီရိယလေးထားပြီး အိပ်ပေါ့ကွာ"

ဤသို့ဖြင့် ဆရာတပည့်နှစ်ယောက်သား အိုးဘရန်ဒီတစ်ပုလင်းနှင့် ဇရက်မင်းစည်းစိမ် ခံစားနေကြပါတော့သည် ။ ထိုစဉ်...

"အင်း.. ဟင်း.. ဟင်း... အီး.. ဟီး.. ဟီး..."

"တောက်"

စောစောပိုင်းကလိုပင် လူညည်းသံကြီးတစ်ခုကို အနီးအနားမှ ရုတ်တရက်ကပ်၍ ကြားလိုက်ရသဖြင့် ထိတ်ခနဲ ဖြစ်သွားစဉ် တောက်ခေါက်သံကြီးတစ်ခုကလည်း အိပ်ခန်းများ ဘက်ဆီမှ ကျယ်လောင်စွာ ထွက်ပေါ်လာပါ၏။

"ဟေ့.. ဘယ်သူလဲကွ တောက်ခေါက်နေတာ မင်း.. မင်း ဘယ်သူလဲ၊ ဘာလဲကွ ငါ့ကို မင်းတို့ က သွေးတိုးစမ်းနေကြတာလား ဟင်"

အရက်ကလေးများ အတော်အသင့် ဝင်သွားပြီမို့ စောထူး၏ မိုက်ဗီဇသွေးတို့ က ဆူဝေအုံကြွလာပါချေပြီကော"

"အေးအေးဆေးဆေး သောက်စမ်းပါ စောထူးရာ ခိုလား၊ ကြွက်လား သတ္တဝါတစ်ကောင်ကောင်ရဲ့ အသံတွေလားမှ မသိတာ၊ အလို.. ဟိုဘက် အခန်း ခေါင်မိုးနားမှ မီးလုံးကြီးတစ်လုံး ပျံဝဲနေပါလား"

သူတို့ ဆရာတပည့် ခိုနားနေသည့် ထမင်းစားခန်းသည် နံရံတစ်ခြမ်းမျှ ပျက်စီးနေသဖြင့် တစ်ဖက်အခန်းကျယ်ကြီး၏ မျက်နှာကြက်များ ဆီသို့တိုင် မြင်တွေ့နေရပါ၏။ ထိုမျက်နှာကြက်တစ်ဝိုက်တွင် ဟိုသည် ရွေ့လျားနေသည့် မီးလုံးကြီးတစ်လုံးကို အမှောင်ထဲတွင် ဖျတ်ခနဲ တွေ့မြင်လိုက်ရသည် ။

"ဟာ.. ဟုတ်.. ဟုတ်တယ် ဆရာ၊ မီး… မီးလုံးကြီး ဧကန္တ မီးစုန်းသရဲတွေ မြူးနေတာလား မသိဘူး။ လူညည်းသံကြီးတွေရော တောက်ခေါက်သံတွေပါ ကြားနေရတော့ ဆရာပြောသလို ဒီအိမ်ကြီးဟာ သ… သရဲခြောက်တဲ့ အိမ်ကြီးပဲ ဖြစ်မယ်။ ဒါ့ကြောင့် လူတွေ မနေရဲကြတာပေါ့"

မောင်ရေအေးက စောထူးကို စကားမပြန်တော့ သူ၏ စူးစမ်းလိုစိတ်ဉာဉ်ကြောင့် စားပွဲပေါ်မှ အာလာဒင်မီးအိမ်ကို ဆွဲကာ ထိုမီးလုံးကြီး ဝဲပျံနေရာသို့ ထွက်လာခဲ့သည် ။

"ဟာ.. ဆရာ… ဆရာ.. နေ.. နေဦး ကျွန်တော်ပါ လိုက်မယ်"

စောထူးမှာ သောက်လက်စ အရက်ခွက်ကို ချကာ ဂေါ်ရခါးဓားကောက်ကို ဆွဲလျက် သူ၏ ဆရာ မောင်ရေအေးနောက်သို့ လိုက်သွားပါလေ၏။ မောင်ရေအေးမှာ လက်တစ်ဖက်ဖြင့် မီးအိမ်ကို မြှောက်ရင်း အခန်းကျယ်ကြီးထဲသို့ ဖြည်းဖြည်းချင်း လှမ်းဝင်လာခဲ့သည် ။

"ရှပ်… ရှပ်… ရှပ်… ရှပ်… ရှပ်… ကျွီ…"

ထိုစဉ်မှာ ပင် ဘုရားခန်းဘက်ဆီမှ လိုလို အိမ်ရှေ့ဝရန်တာဆီမှ လိုလို ခြေသံအချို့နှင့်အတူ တံခါးတွန်းဖွင့်သံကိုပါ ကြားလိုက်ရသဖြင့် စောထူးက နောက်ဘက်သို့ ပြန်လှည့်ကာ အော်ဟစ်မေးမြန်းလိုက်သည် ။

"ဟေ... ဘယ်သူလဲကွ"

သို့သော် စောထူး၏ အော်သံကြီးကသာ တိတ်ဆိတ်သော ညဥ့်ယံကို ဖြိုခွင်းလိုက်သည် ။ တစ်ဖက်မှ တုံ့ပြန်သံကမူ ပြန်၍ ထွက်မလာခဲ့။ အပြင်တွင် သဲသဲမဲမဲ ရွာသွန်းလျက်ရှိသော မိုးသည် မောပန်းနွမ်းလျသွားလေပြီထင့်။ ခပ်သဲသဲ ရွာချနေရာမှ တဖွဲဖွဲမျှသာ ရွာသွန်းလျက် ရှိပါတော့သည် ။

"ထူးတော့ထူးတယ် ဆရာ၊ ကျွန်တော့်အထင်ပြောရရင် ဒီနှစ်ဆောင်ပြိုင် အိမ်ကြီးပေါ်မှာ ကျွန်တော်တို့ အတွက် နောက်ထပ်လူ တစ်ယောက် ရှိလိမ့်ဦးမယ် ထင်တယ်။ အဲဒါ လူမဟုတ်ခဲ့ရင်တော့ သရဲပဲ ဖြစ်ရမယ်"

"ကဲ.. မင်းအသံကျယ်ကြီးကြောင့်လား မသိဘူး။ ဟိုအခန်းထဲက မီးစုန်းသရဲတောင် ပျောက်သွားပြီ"

မောင်ရေအေးက လက်ဆွဲမှန်အိမ်ကို အနီးရှိ သေတ္တာကြီးတစ်လုံးပေါ်တွင် တင်လိုက်ပြီး ပြတင်းပေါက်တံခါးတစ်ချပ်ကို ဖွင့်ရန် ချက်ကို ကိုင်လိုက်သည် ။ ထိုအခိုက် မောင်ရေအေးရှိရာသို့ အခန်း မျက်နှာကြက် အမှောင်ထဲမှ မည်းမည်းပျော့ပျော့ အရာကြီးတစ်ခုက ဝီခနဲ ပြေးဝင်လာပြီး လည်ကုပ်ပေါ်သို့ ဖျတ်ခနဲ လာကပ်သည် ။

"ဟ... ဟ... ဘာကြီးလဲဟ"

ထိုစဉ်မှာ ပင် နောက်ထပ် မည်းမည်းအရာကြီးတစ်ခုက နောက်မှ ကပ်ပါလာသည့် စောထူး၏ မျက်နှာပြင်တည့်တည့်ပေါ်သို့ ပြေးဝင်ကပ် လာပြန်သဖြင့် ဘာမှ မမြင်ရတော့ချေ"

"ဗွီး.. ဖတ်"

"အား... အမယ်လေး.. သ.. သရဲလက်အေးကြီး လုပ်... လုပ်ပါဦး ဆ ရာ.. အား.. အီး..."

ရုတ်တရက်မို့ ဆရာတပည့်နှစ်ယောက်စလုံး လန့်ဖျပ်တုန်လှုပ်သွားကြကာ အော်မိအော်ရာ ဟစ်အော်လိုက်ကြသည် ။ စောထူးဆိုလျှင် အသံများ ပင် တုန်တုန်ယင်ယင် ဖြစ်နေပါ၏။

မောင်ရေအေးမှာ လည်း နောက်ဘက် လည်ကုပ်ပေါ်တွင် ကပ်ညိနေသည့်အရာကို အလျှင်အမြန်ပင် ဖယ်ခွာလိုက်သည် ။ သို့သော် ထိုအရာသည် ပျော့တွဲတွဲနှင့် ချောပြောင်ပျော့စိနေသဖြင့် လက်ဖြင့် မြဲမြဲစွာ ဆုပ်ကိုင်၍ မရပါ။ ထို့ကြောင့် တော်တော်နှင့်ပင် ဆွဲခါ၍ မရ ဖြစ်နေပါသည် ။

"အား... အီး.. လုပ်ပါဦး ဆရာရယ်၊ ဒီ... ဒီ.. သ... သရဲလက်ကြီးက ပြောင်ချောချော ပျော့စိစိနဲ့ ခွာလို့ လည်း မရဘူး။ အား.. အမယ်လေး"

စောထူးက ပို၍ ပင် ဆိုးနေပါ၏။ မျက်နှာတစ်ပြင်လုံး တွယ်ကပ်ဖျစ်ညှစ်ထားသည့် သရဲလက်အေးကြီးက မည်သို့မျှ ဆွဲခွာမရသဖြင့် ကြောက်လန့်တုန်လှုပ်လျက် ရှိနေပါပြီ။ မောင်ရေအေးမှာ စောထူးအတွက် စိုးရိမ်လာသဖြင့် လည်ကုပ်တွင် မြဲမြဲစွာ ဖက်တွယ်ထားသည့် အရာကြီးအား အနာခံကာ အားကုန်ဆွဲ၍ ခွာလိုက်ပြီး အဝေးသို့ လွှင့်ပစ်လိုက်သည် ။

"စောထူး... စောထူး.. ငါ... ငါ လာပြီ မကြောက်နဲ့ "

"လုပ်... လုပ်ပါဦး ဆရာ၊ အသက်... အသက်ရှူလို့ တောင် မ... မရ တော့ဘူး... အီး"

မောင်ရေအေးမှာ ငိုသံပါကြီးနှင့် အော်ဟစ်နေသည့် စောထူးထံ ပြေး ဝင်သွားပြီး မျက်နှာတွင် ကပ်တွယ်နေသည့် ပြောင်ချောချော ပျော့စိစိအ ရာကြီးကို လက်နှစ်ဖက်ဖြင့် အားကုန်ဆွဲ၍ ခွာထုတ်ပစ်လိုက်သည် ။

"ကိုင်း.. ကိုင်းကွယ်"

"ဗျစ်.. ဗျစ်... အား... အီး... နာ.. နာလိုက်တာ ဆရာရယ်"

"ဂစ်... ဂစ်... ဂစ်..."

"ပလပ်... ပလပ်.. ဖျပ်... ဖျပ်..."

စောထူးမျက်နှာပြင်မှ ဆွဲခွာလိုက်သည့် ပျော့စိစိအရာကြီးသည် ဂစ် ဂစ်နှင့်အော်မြည်ကာ ဝဲပျံသွားသည် ကို တွေ့မြင်လိုက်ရမှ ထိုအရာကို မောင်အေး သိမြင်လိုက်ရပါတော့သည် ။

"ဟာ.. သရဲ မဟုတ်ဘူး စောထူးရေ၊ လင်းနို့.. .လင်းနို့ကြီးတွေကွ၊ ဟိုမှာ ပျံထွက်သွားကြပြီ"

ဟုတ်သည် ၊ ကြီးမားလှသော လင်းနို့ကြီးများမှာ မောင်ရေချမ်း၏ အာလာဒင်မီးအိမ်မှ မီးအလင်းရောင်ကြောင့် ပုန်းခိုနေရာမှ ပျံဝဲထွက် လာကြခြင်း ဖြစ်သည် ။

"ဟော.. ဟို.. ဟိုမှာ ... စောစောက မီး.. မီးစုန်းသရဲ"

တဖျပ်ဖျပ်နှင့် ဟိုသည် ပျံဝဲပြေးလွှားနေကြသည့် လင်းနို့တောင်ပံကြီးများကြားမှ လင်းလက်နေသည့် မီးစုန်းရောင်သည်

ပေါ်လာလိုက် ပျောက်သွားလိုက်နှင့်။ မောင်ရေအေးမှာ မီးအိမ်ကို ကိုင်မြှောက်လျက် မျက်နှာကြက်နှင့် ကပ်လျက်ရှိသော ကျွန်းတိုင်မှ ထူးထူးခြားခြား လင်းလက်နေသည့်အရာကို သေချာစွာ ကြည့်လိုက်ပါ၏။ ထိုအခါမှ စောစောက မီးစုန်းသရဲဟု ထင်ရသော လျှို့ဝှက်ချက်ကို ကောင်းစွာ သိရှိလိုက်ရပါတော့သည် ။

ကျွန်းတိုင်လုံးကြီး မီးစုန်းအမာခံများကို အဝိုင်းပုံစံကပ်ထားခြင်းဖြင့် မျက်နှာကြက်ထဲမှ လင်းနို့ကြီးများ ပျံဝဲထွက်လာကြသည့်အခါ အမှောင်ထဲတွင် မီးစုန်းများ ပျံဝဲလှုပ်ရှားနေကြသကဲ့သို့ ထင်ရောင်ထင်မှား မြင်တွေ့နေရသည် မဟုတ်ပါလား။ မောင်ရေအေးခမျာ ယခုမှ ပင် နားလည်သဘောပေါက်သွားမိကာ ဤနှစ်ဆောင်ပြိုင် အိမ်ကြီးအား စတင်ဆောက်လုပ်ခဲ့သူ၊ သို့မဟုတ် ပြင်ဆင် မွမ်းမံခဲ့သူ၏ စိတ်ကူးမျှော်မြင်မှုကို ချီးကျူးလိုက်မိပါတော့သည် ။

"တွေ့လား စောထူး ရှေးကလူကြီးတွေ အမြော်အမြင်ကြီးကြီးနဲ့ စီစဉ်ဆောက်လုပ်ခဲ့ကြတဲ့ အိမ်ကြီးတွေဟာ သာမန်နဲ့ မတူဘဲ တစ်ခုခုတော့ ထူးခြားနေတာပဲကွယ့်။ ဒီမှာ ကြည့်ပါလား ဖော့စ်ဖော့ရပ်ပါတဲ့ မီးစုန်းကို ကျွန်းတိုင်အပေါ်ဘက်မှာ ကပ်ထားလေတော့ ညဘက်အမှောင်ထဲမှာ အလင်းဓာတ်ပြန်ပြီး လူတွေရဲ့ စိတ်ကို ချောက်ချားစေတာပေ့ါ"

"အဲဒါဆိုရင် လူညည်းသံတွေ၊ ခြေသံတွေနဲ့ တောက်ခေါက်သံကြီးတွေကရော ဆရာ ဘယ်လိုဖြေရှင်းမလဲ"

အာလာဒင်မီးအိမ်ကို ဆွဲကာ ထမင်းစားခန်းဘက်သို့ ပြန်လည်ထွက်ခွာလာသည့် မောင်ရေအေးနောက်မှ ကပ်လိုက်လာသော စောထူးက ပြန်လည်၍ စောဒက တက်လိုက်သည် ။

မောင်ရေအေးသည် မီးအိမ်ကို စားပွဲအလယ်တွင် တင်လိုက်ပြီး အိုးဘရန်ဒီတစ်ပတ်ခန့် ခွက်ထဲသို့ လောင်းထည့်မော့သောက်လိုက်သည် ။ လည်ချောင်းတစ်လျှောက် ရှတတစီးဖင်သွားသည့် အရက်ကြောင့် စောစောက ရင်တုန်လှုပ်ခတ်မှုများ အနည်းငယ် ပေ့ါပါးသွားပါ၏။

"အင်း.. ဒီလိုရှိတယ် စောထူးရ၊ လူတစ်ဦးတစ်ယောက်ဟာ မိမိအနေကြာမြင့်ခဲ့တဲ့ ဂန်းကျင်ကို အစွဲအလမ်းဖြစ်တာဟာ ဓမ္မတာပဲကွယ့်။ အဲဒီထက် ပိုပြီးဆိုးတာက မိမိရဲ့ ပစ္စည်းဥစ္စာ ရွှေငွေရတနာတွေကို လက်ရှိဘဝမှာ လည်း အတ္တကြီးကြီးနဲ့ စွဲလမ်း၊ အဲ.. သေလွန်သွားပြီးခဲ့တဲ့ အချိန်ကျတော့လည်း ဒီပစ္စည်းတွေကိုပဲ စွဲလမ်းနေသေးတယ် ဆိုရင်တော့ အဲဒီပစ္စည်း၊ အဲဒီဝန်းကျင်မှာ ပဲ မကျွတ်မလွတ်နိုင်တဲ့ ဝိညာဉ်တစ္ဆေသရဲ ဥစ္စာစောင့်ဘဝနဲ့ ကျင်လည်သွားလာနေရတတ်တယ်"

"ဒါကြောင့် ဟောဒီနှစ်စောင်ပြိုင် အိမ်ကြီးမှာ လည်း အဲဒီလို စွဲလမ်းမှုသံယောဇဉ်တွေနဲ့ မကျွတ်မလွတ်ကြတဲ့ ပရလောကသားတွေ၊ တစ္ဆေသရဲတွေ၊ ဥစ္စာစောင့်တွေ မရှိနိုင်ဘူးလို့ ပြောလို့ မရဘူးပေ့ါ စောထူးရယ်"

မောင်ရေအေးက စောထူး နားလည်အောင် ရှည်လျားစွာ ရှင်းပြလိုက်ပြီး အခန်းထောင့်ရှိ ခုတင်ထက်ဂယ် အိပ်စက်ရန် ပြင်ဆင်နေပါလေ၏။ စောထူးမှာ သူ၏ ဆရာစကားကို ဂရုတစိုက် နားထောင်ရင်း ပုလင်းထဲမှ လက်ကျန်အရက်နှစ်ပက်ခန့်ကို သူ၏ ခွက်ထဲသို့ အကုန်အစင် ထည့်လိုက်သည် ။

"ဟင်.. ဒီလိုဆို ဒီနှစ်ဆောင်ပြိုင် အိမ်ကြီးမှာ လည်း မကျွတ်မလွတ်ကြသေးတဲ့ ပရလောကထဲက တစ္ဆေ သရဲဝိညာဉ်တွေ ရှိကြတာပေ့ါ။ ဒါဆိုရင် အိမ်ကြီးပေါ်က ညည်းညူသံတွေ၊ တောက်ခေါ

က်သံတွေဟာ ဝိညာဉ်တစ္ဆေတွေရဲ့ အသံတွေလား ဆရာ"

"ကိုင်း.. မင်းအမေးအမြန်း ထူတာနဲ့ ဒီညအိပ်ရမှာ မဟုတ်တော့ဘူး။ ရှိချင်လည်း ရှိမယ်။ မရှိရင် လည်း မရှိဘူးပေါ့ကွယ်။ အဲဒီတစ်ခွက် သောက်ပြီးရင် မင်းလည်း အိပ်တော့ စောထူး၊ ငါလည်း အိပ်တော့မယ်။ အေး.. သတိဝီရိယလေးထားပြီးတော့ အိပ်ဟေ့"

ထို့နောက်မှာ တော့ မောင်ရေအေးမှာ ဆောင်ဓားကို သူ၏ ညာဘက် ဘေးတွင် အသာချလိုက်ပြီး မျက်စိစုံမှိတ်လျက် ဘုရား၊ တရား၊ သံဃာ နှင့် မိဘနှစ်ပါးကို အာရုံပြု ကန်တော့လိုက်ပါတော့သည် ။

အိမ်ကြီးအပြင်ဘက်ရှိ မှုန်ဝါးဝါး ညဥ့်ရင်ခွင်ထဲမှာ တော့ တဖွဲဖွဲ ကျ ဆင်းနေသည့် ဝါဆိုမိုးက မာန်လျော့ အားပျော့စ ပြုနေပါပြီတည်း။

******